# ရွှေတံခါးက သနားစရာ့ သူတို့အကြောင်း



အမေ့အိမ် တံခါးပေါက်ကိုရောက်တော့ လွမ်းလောက်စရာ့ ဒေါနတောင်တန်းကြီးကို မှိုင်းပျပျ လှမ်းလို့မြင်ရတယ်။ အော် ဒီမြေဟာ အမိမြေ၊ ဒီရေဟာ အမိရေ၊ ဒီလေကလည်း အမိလေလို့ မှန်းဆမိတော့ လွမ်းစိတ်က ပိုမိတယ်။ ဒီ ဒေါနတောင်တန်းကြီးမှာ တို့ညီအကိုမောင်နှမတွေ ဘယ်လောက်များ အသက်တွေ စတေးသွားခဲ့ကြရပြီလဲလို့ တွေးမိပြန်တော့ ဝမ်းနည်းစိတ်မကောင်း ဖြစ်ရတယ်။ တမြေထည်းနေ တရေထဲသောက် ၊ သွေးရင်းသားရင်း ညီနောင်အချင်းချင်း၊ နှစ်ပေါင်းရှည်ကြာ စစ်တွေခင်းလာလိုက်ခဲ့ကြရတာက။ ခုတိုင် မပြီးဆုံးနိုင်စွာ။ အဖြေကိုရဖို့ အဆုံးမရှိမှန်းသိနေတဲ့ နည်းတွေနဲ့ အချိန်တွေကို ဖြုန်းတီးနေကြတာ။ တိုက်ခိုက်ခြင်းတွေ၊ ခြေမှုန်းခြင်းတွေ၊ အငြင်းပွားခြင်းတွေ၊ အချင်းများခြင်းတွေ။

ရန်ကြားမှာ မြေစာပင်ဖြစ်ကြရတဲ့သူအများစုက ကလေးသူငယ် လူမမယ်တွေ။ သက်ကြီးရွယ်လွန် ဇရာကျွန်တွေ။ ပွင့်သစ်သွေးစို မိန်းမပျိုတွေ။

သားနာမည်ဆိုတော့ “တရန်ဆပ်” တဲ့။ ဘာဖြစ်လို့ သားကဗမာဖြစ်ပြီး ဗမာနာမည် မမှည့်တာတုံးဆိုတော့ ဗမာနာမည်ကို မကြိုက်ဘူးတဲ့။ ဗမာစစ်စစ် ဗမာကလေးတစ်ယောက်က ဗမာနာမည်ကို မုန်းသတဲ့လေ။ ဘယ်လောက်များ နာကျည်းစရာ ဖြစ်ရပ်ပါလဲ။ ဗမာနာမည်ကို မုန်းဖို့ နှလုံးသားနုနုလေးမှာ ဘယ်လိုဒဏ်တွေများ သင့်ခဲ့ပါသလဲ။

သားကျောင်းမတက်ဘူးလား ဆိုတော့ ကျောင်းတက်ဖို့ ပိုက်ဆံမရှိဘူးတဲ့။ ပိုက်ဆံရှိရင်ကော တက်မှာလား ဆိုတော့။ မရှိနိုင်ဘူး။ ရှိရင်တော့ တက်မယ်တဲ့။ ၇ နှစ်သားအရွယ် ဗမာကလေးတစ်ယောက်ရဲ့ အဖြေပါ။ အဖေနာမည် မသိ။ အမေခေါ်စရာလည်း မရှိ။ သူ့အဖွားလို့ သူထင်နေတဲ့ အဖွားအိုနဲ့သာ နေရရှာတဲ့ ကလေးတစ်ယောက်ရဲ့ နှုတ်က ထွက်အံကျလာတဲ့ အရိုးသားဆုံး စကားများပါ။

မြန်မာပြည်တံခါးဝ မဲဆောက်ဆိုတဲ့ ထိုင်းမြို့လေးရဲ့ သောင်ရင်းမြစ် ကမ်းစပ်မှာ တွေ့ခဲ့ရတဲ့ ကလေးတစ်ယောက်ရဲ့ ဘဝပုံရိပ်တစ်စပါ။ ညစ်ပတ်ပေရေနေတဲ့ ဘောင်းဘီတိုလေးကိုဝတ်ပြီး အထက်ပိုင်းကိုယ်ဗလာနဲ့ ကလေးတစ်ယောက်ရဲ့ပုံကို မြင်ကြည့်လိုက်စမ်းပါ့။ ဒါလူသားတစ်ယောက်ရဲ့ ဘဝတဲ့လား။ စားစရာလည်း အစာမရှိ။ နေစရာလည်း အိမ်မရှိ။ ကုန်ကုန်ပြောရလျင် ပြေးလွှားကစားစရာတောင်မှ မြေမရှိရှာတဲ့ ကလေးငယ်တစ်ယောက်ရဲ့ ဘဝ။

ကိုယ်တိုင်မကြုံခဲ့လျင် ပုံပြင်တစ်ပုဒ်အလား ထင်မှတ်မှားစရာပါ။ သားဘယ်မှာနေလဲဆိုတော့ ဒီမှာနေတယ်တဲ့။ ထိုင်းနိုင်ငံဘက်ခြမ်း သောင်ရင်းမြစ်ကမ်းစက လူသွားကွန်ကရစ်ကြံ ံအောက်က နေမိုးမလုံတဲ့ သုံးပေလောက်မြေနေရာ

လေးကို လက်ညှိုးထိုးပြတယ်လေ။ ဒါ ကလေးငယ်တစ်ယောက်ရဲ့ နားခိုရာတဲ့။ ဒါတောင် ဒီမှာရှိတဲ့ ထိုင်းရဲက နားလည်မှုပေးထားလို့ နေခွင့်ရှိတာတဲ့။ ကွန်ကရစ်ကြမ်းပေါ်မှာ ထိုင်ပြီး လာသမျှခရီးသည်တွေကို စီးကရက်နဲ့ အရက်ရောင်းနေတဲ့ ဒေါ်မြကြ ရှင်းပြတယ်။ အမတို့ ဒီလိုရောင်းနေတော့ ရဲကမဖမ်းဘူးလားဆိုတော့ ရဲလာရင် သောင်ရင်းမြစ်ထဲဆင်းပြီး ခဏ ရှောင်နေလိုက်တာပေါ့တဲ့။

ဒီနေရာ၊ ဒီဒေသဟာ လူကြီးအတွက်ပဲဖြစ်ဖြစ်၊ ကလေးအတွက်ပဲဖြစ်ဖြစ်၊ လုံခြုံစိတ်ချရတဲ့ အရပ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနေရာကနေ တဖက်ခြမ်းမှာ ရှိတဲ့ မြဝတီအမည်ရှိတဲ့ နာမည်လှလှ မြို့လေးနဲ့စာလျှင်တော့ ဝမ်းဗိုက် အတွက် အစာလေးနည်းနည်းဖြည့်တင်းဖို့ အခွင့်အလမ်းပိုတာမို့ နေရတာပါတဲ့။ ဗမာပြည်ဘက်မပြန်ဘူးလားလို့ တရန်ဆပ်ကို မေးကြည့်တော့ “ဗမာပြည်ဘက်မှာ စားစရာ မရှိဘူး၊ မပြန်ဘူး”တဲ့လေ။

ဒီမြေဟာ တို့မြေ။ မြေကြီးက ရွှေသီးတယ်လို့ ဝံ့ကြွားခဲ့ကြတဲ့မြေ။ ကျောက်သံပတ္တမြားတွေ ပေါများ။ ရေနံနဲ့ ဓာတ်ငွေ့တွေကလည်း အလျှံပယ်။ ကျွန်းသစ်နဲ့ တောထွက်ပစ္စည်းတွေနဲ့ ပြည့်ဝပြီး အာရှရဲ့ ဆန်အိုးကြီးလို့ တင်စားခေါ်ဝေါ်ခဲ့ကြတဲ့ ရွှေနိုင်ငံတော်ကြီး။ ဒီနိုင်ငံကြီးဘက်မှာ ဘာမှစားစရာမရှိဘူးတဲ့။ ၇ နှစ်အရွယ် ကလေးငယ်တစ်ယောက်ရဲ့ ဘဝပေးအသိနဲ့ ပြောခဲ့တဲ့ အဖြူရောင်စကား။ ကြားရတော့ ရင်ထဲမှာ အတိုင်းအဆမရှိ နာကျင်မိတယ်။ သားမှာ သူငယ်ချင်းတွေရော မရှိဘူးလားဆိုတော့။ သူတို့စားဖို့ သွားရှာနေကြတယ်တဲ့။

ဟော ညနေ ကျောင်းဆင်းချိန်။ ခမ်းနားထည်ဝါလှတဲ့ အဆောက်အဦကြီးထဲက ဝတ်စုံအပြည့်နဲ့ ကျောင်းသားတွေ ထွက်လာကြတယ်။ ကျောင်းဝင်းအဝမှာ အဖိုးတန်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေနဲ့ မိဘတွေက လာရောက်ကြိုဆိုကြလို့။ ကျောင်းထဲကထွက်လာကြတဲ့ သူတို့လေးတွေရဲ့ မျက်နှာနုနုလေးတွေမှာတော့ ပြုံးလို့ပျော်လို့။ အပူမရှိ၊ သောကမရှိ။ အေးချမ်းမှု အပြည့်။ သူတို့တွေက ထိုင်းနိုင်ငံသား စစ်စစ်လေးတွေလေ။

အခြားတဖက်မှာတော့။ မှားမယ်ထင်ပြီး မေးကြည့်မနေပါနဲ့။

ရွှေပြည်အဝင် မဲဆောက်ဆိုတဲ့ နယ်စပ်မြို့လေးက အမှိုက်ပုံတွေမှာ။ လမ်းဘေးတစ်နေရာရာမှာ။ ခွက်ကောက်၊ ဘူးကောက်၊ ပလစ်စတစ်ကောက်နေတဲ့ ကလေးငယ်တွေ။ ဘယ်ကလဲလို့ မမေးနေပါနဲ့။ သူတို့တွေ ရွှေနိုင်ငံကလာကြတဲ့ ရွှေစစ်စစ်လေးတွေပါ။ ပညာရေးလည်း မရှိ။ ကျန်းမာရေးလည်း မရှိ။ စားစရာလည်း မရှိ။ နေစရာလည်း မရှိ။ ဆွေမရှိ၊ မျိုးမရှိ။ ဆင်းရဲခြင်း ကလွဲလို့ ဘာမှမရှိ။ ပူပင်မှု အပြည့်။ သောက အပြည့်။

ဒါတွေကို ဘယ်သူတွေ ဖန်တီးခဲ့ကြပါသလဲ။ ဖန်တီးနေကြပါသလဲ။ သူတို့လေးတွေကိုယ်တိုင် ဖန်တီးခဲ့ကြတာ မဟုတ်တာတော့ လုံးဝသေချာပါတယ်။

တကယ်ကိုမှ နက်နက်ရှိုင်းရှိုင်း ရင်နာမိပါတယ်။ ။

ဉာဏ်ဦးမောင်

